
TEA
Translator-Min Hein Htet
၈၀ ခုနှစ်မှာ
စာစဉ်(၃၄)

# ၈၀ ခုနှစ်မှာ
# စာစဉ် (၃၄)
# အပိုင်း ( ၃၃၁ )
# ရောင်းတမ်းဝင် အိမ်ရာ

*

ဆစ်ဝေမင်းက သူ့မိသားစုကိစ္စတွေကိုတောင် မရှင်းရသေးတော့ ဆစ်ချန်တို့ ကလေးရမရဆိုတာကို ဂရုစိုက်ဖို့ စိတ်မပါဘူး။ သူက မျက်မှောင်ကြုတ်ပြီး ပြောလိုက်တယ်။ "ကျုပ်တို ဆိုတာ ဒီလောက်ကြီးတဲ့ မြို့ကြီးပဲ၊ တော်တဲ့ ဆရာဝန်တွေ အများကြီး ရှိတယ်။ ဘယ်ရောဂါမဆို ကုလို့ရတာချည်းပဲ။ ပိုက်ဆံရှိဖို့ပဲ လိုတာလေ။ အရမ်းကြီး စိတ်ပူမနေပါနဲ့"

"ပြောရတာတော့ လွယ်တာပေါ့၊ ဘယ်လိုလုပ် စိတ်မပူဘဲ နေနိုင်မှာလဲ" လင်းမန်ရဲ့ စကားတွေကို တွေးမိပြီး လင်းဖန်ရင်းရဲ့ မျက်လုံးတွေ ပြန်နီရဲလာတယ်။ သူက ညည်းတွားလိုက်တယ်။ "အစကတော့ ယောင်ယောင်နဲ့ ရှောင်ချန်တို့ အိမ်ထောင်ကျတာ ကောင်းတယ်လို့ ငါ ထင်ခဲ့တာ။ အခု ပြန်တွေးကြည့်တော့ ယောင်ယောင်နဲ့ လက်ထပ်ပြီးကတည်းက ရှောင်ချန် ပြောင်းလဲလာတာပဲ။ အရင်က သူက ရှောင်ဟွေးကို အရမ်းချစ်ပြီး ငါ့ကိုလည်း အရမ်း လေးစားတာ။ အိမ်မှာ စားစရာပဲဖြစ်ဖြစ်၊ သုံးစရာပဲဖြစ်ဖြစ် ရှိရင် သူ့ညီမကို အမြဲ အရင်ဦးစားပေးတာ။ ရှောင်ဟွေးနဲ့ ဘယ်တော့မှ ရန်မဖြစ်သလို ဒေါသလည်း မထွက်ဖူးဘူး။ ဒါပေမဲ့ ထုန်ယောင်နဲ့ လက်ထပ်ပြီးတော့ ရှောင်ချန် တဖြည်းဖြည်း ပြောင်းလဲသွားပြီ"

လူကြီးတွေ ပြောတဲ့စကားက တကယ်မှန်တာပဲ၊ စိုက်ပျိုးရေး မကောင်းတာက ရာသီဥတုကြောင့် ဖြစ်ပေမယ့်၊ မိန်းမကောင်း မရတာကတော့ တစ်သက်လုံးစာ ပြဿနာပဲ။ အခုတော့ သားအကြီးဆုံးက မိန်းမကောင်း မရခဲ့လို့ အိမ်မှာ ပြဿနာတွေ ဖြစ်လာရတာ။

ဒီလိုဖြစ်လာမယ်မှန်းသာ သူ စောစောစီးစီး သိခဲ့ရင်၊ အဲဒီတုန်းက ထုန်ယောင်ဟွေးရဲ့ တောင်းဆိုမှုကို ငြင်းပယ်ခဲ့သင့်တာ၊ သူ့သားအကြီးဆုံးကို ထုန်ယောင်နဲ့ လုံးဝ ပေးမယူခဲ့သင့်ဘူး။

အခု ပြန်တွေးကြည့်တော့ လင်းဖန်ရင်းက သူ့ရဲ့ အတိတ်က ဆုံးဖြတ်ချက်ကို တော်တော်လေး နောင်တရနေမိတယ်။ အဲဒီတုန်းက သူက စိတ်အရမ်း ပျော့လွန်းခဲ့တာ။ သားအကြီးဆုံးကို ထုန်ယောင်နဲ့ ပေးမယူချင်ပေမယ့် ထုန်ယောင်ဟွေးရဲ့ ကမ်းလှမ်းချက်ကို သူ တိုက်ရိုက် မငြင်းရဲခဲ့ဘူး

လေ။ အစကတော့ သားအကြီးဆုံးက ကိုယ်ပိုင်ဆုံးဖြတ်ချက် ခိုင်မာတဲ့သူမို့ ထုန်ယောင်ဟွေးရဲ့ ကမ်းလှမ်းချက်ကို ငြင်းလိမ့်မယ်လို့ သူ ထင်ခဲ့တာ။ ဒါပေမဲ့ ဘယ်သူက သိမှာလဲ၊ သူ့သားအကြီးဆုံးက အဲဒါကို လက်ခံလိုက်လိမ့်မယ်လို့လေ။

နောက်ပိုင်း ထုန်ယောင် သူတို့မိသားစုထဲရောက်လာပြီး နေရာတကာ ဗိုလ်ကျနေတာကိုတောင် သူ သည်းခံခဲ့တယ်။ မြို့ကို ပြောင်းသွားရင် ထုန်ယောင် အကျင့်လေးများ ပြင်လာမလားလို့ သူ တွေးခဲ့တာ။ ဒါပေမဲ့ သူ့သားရဲ့ နှလုံးသားကသာ အခိုးခံလိုက်ရလိမ့်မယ်လို့ ဘယ်သူကထင်ထားမှာလဲ။

ဆစ်ဝေမင်းက သက်ပြင်းရှည်ကြီးချပြီးမျက်မှောင်ကြုတ်လိုက်တယ်။ "ယောင်ယောင်ရဲ့အပြုအမူက တကယ်ကို မာနကြီးလွန်းတယ်။

လူကြီးတွေကို နည်းနည်းလေးမှ မလေးစားဘူး။ ကဲပါ ဘူတာရုံကို အရင်သွားကြရအောင်။ ရထားလွတ်သွားလို့ မဖြစ်ဘူးလေ"

ဘာပဲဖြစ်ဖြစ် ထုန်ယောင်က သူ့တူမချွေးမလေး။ ဦးလေးတစ်ယောက် အနေနဲ့ သူ့အကြောင်း အရမ်း အတင်းပြောတာ ဒါမှမဟုတ် ကွယ်ရာမှာ သူများအတင်းပြောတတ်တဲ့ မိန်းမတစ်ယောက်လို ပြုမူတာက မသင့်တော်ဘူးလို့ ဆစ်ဝေမင်း ခံစားရတယ်။

ဒါပေမဲ့ ထုန်ယောင်အပေါ်မှာတော့ သူ့မှာ တကယ့်ကို ကြီးမားတဲ့ မကျေနပ်ချက်တွေ ရှိနေတာ အမှန်ပဲ၊ လောလောဆယ်မှာ အဲဒါတွေကို ဖြေရှင်းဖို့ စိတ်ပိုင်းဆိုင်ရာ ခွန်အား မရှိသေးလို့သာ။

သူ့ကိုယ်ပိုင် မိသားစုလေးတောင် ပြိုကွဲလုဆဲဆဲဖြစ်နေတာကို၊ သူများကိစ္စတွေကို ဘယ်လိုလုပ် စိတ်ဝင်စားနိုင်မှာလဲ။

"ကောင်းပါပြီလေ" ဆစ်ဝေမင်းက သူ့အပူနဲ့သူ ဖြစ်နေတာကို မြင်တော့ လင်းဖန်ရင်းက ဆက်ပြီး ဂျီကျမနေသင့်တော့ဘူးလို့ ခံစားလိုက်ရတယ်။

ဘူတာရုံမှာ ဆစ်ဝေမင်းက ပစ္စည်းတွေ အများကြီး ဝယ်ပေးတယ်။ တချို့က လင်းဖန်ရင်း လမ်းမှာစားဖို့နဲ့ တချို့က ဆစ်ဘိုရီ မိသားစုအတွက်ပေါ့။

"အိမ်ရောက်ရင် ဖုန်းဆက်ဖို့ မမေ့နဲ့ဦးနော်။ တစ်ခုခု လိုအပ်ရင်သာ လှမ်းဆက်လိုက်"

"အိမ်မှာ ဘာမှ မလိုပါဘူး။ တို့အတွက် စိတ်ပူမနေပါနဲ့။ အရေးအကြီးဆုံးက ချိုင်ကျိန်းကို ချော့ဖို့ပဲ။ အတိတ်က အမှားတွေကြောင့် နင့်ရဲ့ အခုလက်ရှိ မိသားစုလေးကိုတော့ အပျက်စီးမခံနဲ့" လင်းဖန်ရင်း ရင်ထဲ စူးခနဲ နာကျင်သွားတယ်။ ဆစ်ဝေမင်းသာ ယွမ်ချိုင်ကျိန်းနဲ့ ပြန်အဆင်ပြေ

သွားရင် ဒါက ဒီဘဝမှာ သူတို့ နောက်ဆုံး တွေ့ရတာ ဖြစ်နိုင်တယ်ဆိုတာကို သူ ကောင်းကောင်းနားလည်ထားတယ်။

နောင်ကျရင် ယွမ်ချိုင်ကျိန်းက ဆစ်ဝေမင်းကို သူ့ဆီ လာတွေ့ခွင့်ပြုမှာ သေချာပေါက် မဟုတ်ဘူးလေ။

နှစ်ပေါင်းများစွာ စောင့်ဆိုင်းခဲ့ရတာတွေက အချည်းနှီး ဖြစ်သွားခဲ့ပြီပဲ။

အပြစ်ရှိစိတ်နဲ့ ဟန်ဆောင်မှုတွေ ရောထွေးနေရင်း သူက ခေါင်းညိတ်ပြပြီး ပြောလိုက်တယ်။ "ချိုင်ကျိန်းကို ချော့ပြီး ရှောင်ဟွေးအတွက် အရာအားလုံး စီစဉ်ပေးပြီးတာနဲ့ မရီးကို ဒီခေါ်လာခဲ့ပါ့မယ်။ တောမှာနေရတာ မြို့လောက် အဆင်မပြေဘူးလေ။ မရီးလည်း အသက်ကြီးနေပြီ၊ နှစ်ပေါင်းများစွာ ဒုက္ခခံခဲ့ရတာဆိုတော့ အခုအေးအေးဆေးဆေး နေရမယ့် အချိန်ရောက်ပြီ

ပေ့ါ"

အရာအားလုံး အဆင်ပြေသွားရင် လင်းဖန်ရင်းကို သူ့ဆီ လာနေဖို့ စီစဉ်ပေးမယ်လို့ ဆစ်ဝေမင်းက စကားလုံးလှလှတွေနဲ့ ပြောနေပေမယ့်၊ တကယ်တမ်းမှာတော့ မိန်းမဖြစ်သူနဲ့ ပြန်အဆင်ပြေသွားရင် လင်းဖန်ရင်းနဲ့ ဘယ်တော့မှ အဆက်အသွယ် လုပ်လို့ မရတော့ဘူး ဆိုတာကို သူလည်း သိနေပါတယ်။

"ဘာတွေ အေးအေးဆေးဆေး နေရမှာလဲ" လင်းဖန်ရင်းက ခါးသက်သက် ပြုံးလိုက်တယ်။ "ဒီလောက် နှစ်တွေ ကြာလာတဲ့အထိ အေးအေးချမ်းချမ်း နေရမယ့် ကံ ငါ့မှာ မပါခဲ့ပါဘူး။ ရှောင်ဟွေးနဲ့ နင်တို့ အဆင်ပြေနေသရွေ့ ငါ ကျေနပ်ပါပြီ"

ဆစ်ဝေမင်းက နေရခက်စွာ ပြုံးပြပြီး တစ်ခုခုပြောဖို့ ကြိုးစားပေမယ့် အရမ်း ဟန်ဆောင်ရာ

ကျလွန်းတယ်လို့ ခံစားရတယ်။ နောက်ဆုံးတော့ ဘာမှ မတတ်နိုင်ဘဲ သက်ပြင်းချလိုက်ပြီး လင်းဖန်ရင်းကို ဘူတာရုံထဲ ဝင်သွားတဲ့အထိ လိုက်ပို့ပေးလိုက်တယ်။

အချင်းချင်း နှုတ်ဆက်ခွဲခွာကြတော့ လင်းဖန်ရင်း မနေနိုင်ဘဲ မျက်ရည်ကျလာတာမို့ ဆစ်ဝေမင်းလည်း နည်းနည်း စိတ်မကောင်း ဖြစ်သွားတယ်။ နှစ်ပေါင်းများစွာ ကြာပြီးတဲ့နောက်မှာ လင်းဖန်ရင်းအပေါ် မိသားစု သံယောဇဉ်ပဲ ရှိတော့ပြီး တခြား ဘာခံစားချက်မှ မရှိတော့ဘူးလေ။ ဒါပေမဲ့ သူ ငယ်ငယ်တုန်းက ပထမဆုံး သဘောကျခဲ့တဲ့ မိန်းမတစ်ယောက် ဖြစ်နေတော့၊ သူ အဲဒီလောက် ဝမ်းနည်းနေတာကို မြင်ရတဲ့အခါ သူ့ရင်ထဲမှာလည်း နာကျင်မှုကို မလွန်ဆန်နိုင်ခဲ့ဘူး။

ဒါပေမဲ့ ဘဝရဲ့ တစ်ဝက်လောက်ကို ဖြတ်သန်း

ပြီးသွားပြီ ဖြစ်တဲ့ ဆစ်ဝေမင်းဟာ အရင်ကလို ရိုးအတဲ့ လူငယ်လေး မဟုတ်တော့ပါဘူး။ အကောင်းအဆိုးကို ချိန်ဆတတ်နေပြီ ဖြစ်ပြီး ဘယ်အရာက မှန်ကန်တဲ့ ရွေးချယ်မှုလဲ ဆိုတာကို သူ နားလည်နေပြီလေ။

လူတိုင်းက တစ်ကိုယ်ကောင်းဆန်တတ်ကြတာပဲ။ ဆုံးဖြတ်ချက် တစ်ခု မချခင်မှာ လူတိုင်းက ကိုယ့်အကျိုးစီးပွားကို အရင် စဉ်းစားကြမှာဖြစ်ပြီး ဆစ်ဝေမင်းကလည်း ချွင်းချက် မဟုတ်ပါဘူး။

လင်းဖန်ရင်းနဲ့ ဆစ်ရှောင်ဟွေးအပေါ် အပြစ်ရှိသလို ခံစားနေရပေမယ့်၊ တကယ်လို့ ငွေကြေးနဲ့သာ ပေးဆပ်လို့ရမယ်ဆိုရင် သူ တွန့်ဆုတ်မနေဘဲ ပေးမှာပဲ။ ဒါပေမဲ့ အတိတ်က သူလုပ်ခဲ့တဲ့ အမှားတွေအတွက် သူ့ဘဝ လက်ကျန်တစ်ဝက်ရဲ့ ပျော်ရွှင်မှုကို စတေးပြီး ပေးဆပ်ရမယ် ဆိုရင်

တော့ သူ လိုလားမှာ မဟုတ်ဘူး။

လင်းဖန်ရင်းကို ပြန်လွှတ်ပြီးတဲ့နောက် ဆစ်ဝေမင်းက ဆစ်ရှောင်ဟွေးအတွက် အလုပ်တစ်ခုနဲ့ အိမ်အသစ်တစ်ခုကို ကမန်းကတန်း လိုက်ရှာတော့တယ်...

တစ်ဖက်မှာတော့ လင်းဖန်ရင်း လီစီးတီးကို ပြန်သွားမှန်း မသိသေးတဲ့ ထုန်ယောင်က သူ့ဌေးမတစ်ယောက်ရဲ့ အိမ်မွေးခွေးလေးဆီကနေ သတင်းကောင်း တစ်ခု ရလိုက်တယ်။

ဆေးရုံအနီးက အလယ်အလတ်တန်းစား လူနေအိမ်ရာ တစ်ခုကို နှစ်သစ်ကူးနေ့မှာ စတင်ရောင်းချတော့မှာတဲ့။ ဒါက ကျိုတိုမှာ ပထမဆုံး အကောင်အထည်ဖော်တဲ့ အိမ်ရာဈေးငွေ မူဝါဒပဲ။ လက်ရှိ ရောင်းချမယ့် အိမ်တွေက ဓာတ်လှေကားပါတဲ့ တိုက်ခန်းတွေ မဟုတ်ပေမယ့်၊ အိမ်ရာ ရှားပါးနေတဲ့ ခေတ်မှာ ဒီလို ရတ်တရက်

အိမ်တွေ ရောင်းချလိုက်တာက သေချာပေါက် လူအလုအယက် ဖြစ်သွားစေမှာပဲ။

အိမ်တန်ဖိုး ယွမ် ၁၇၀၀ ဆိုတာက ၂၁ ရာစုမှာတော့ ဝယ်နိုင်တဲ့ ဈေးနှုန်းလို့ သတ်မှတ်နိုင်ပေမယ့်၊ ဒီအချိန်မှာတော့ ဒါက မိုးပျံနေတဲ့ ဈေးနှုန်းကြီးပဲ။ စီးပွားရေးသမား မဟုတ်တဲ့ သူတွေဆိုရင် မတတ်နိုင်ကြဘူး။ ဒါပေမဲ့ ကျူတိုမှာက လူချမ်းသာတွေ မရှားပါဘူး။ ဒီသတင်းက ထုန်ယောင်ကို အရမ်း စိတ်လှုပ်ရှားသွားစေတယ်။

အခုသာ အိမ်တစ်လုံး ဝယ်နိုင်ရင် သူတို့ ဝန်ထမ်းအဆောင်မှာ ကြိတ်ကြိတ်တိုး နေစရာမလိုတော့ဘဲ သူနဲ့ ဆစ်ချန်တို့ ပိုင်တဲ့ အိမ်လေးတစ်လုံး ရလာတော့မှာလေ။

ဒါပေမဲ့ ထုန်ယောင်ကို စိတ်အနှောင့်အယှက်ဖြစ်စေတာက အိမ်ရာတွေက ရှားပါးပြီး၊ အဆက်အသွယ် ရှိတဲ့သူတွေက ရနိုင်တဲ့ နေရာ

အများစုကို ကြိုတင်မှာယူထားကြပြီ ဖြစ်နေတာပဲ။ တကယ်တမ်း ရောင်းချဖို့ ကျန်နေတဲ့ အိမ်အရေအတွက်က အကန့်အသတ်နဲ့ ဖြစ်နေလို့ တစ်လုံးရဖို့ဆိုတာ တော်တော်လေး ခက်ခဲလိမ့်မယ်။

ဒီတစ်ခါ ဈေးနှုန်းက အတန်အသင့် ရှိသေးပြီး နေရာကလည်း မဆိုးဘူး။ ဒီအခွင့်အရေးကိုသာ လက်လွှတ်လိုက်ရရင် နောင် အိမ်ဈေးတွေ တက်လာတဲ့အချိန်ကျရင် ဝယ်ဖို့ အများကြီး ပိုခက်ခဲသွားလိမ့်မယ်။

အများကြီး စဉ်းစားပြီးတဲ့နောက်မှာလည်း ထုန်ယောင်မှာ အကြံကောင်း မထွက်လာဘူး။ ရုတ်တရက် သူ့မျက်နှာပေါ်မှာ ကောက်ကျစ်တဲ့ အပြုံးလေးတစ်ခု ပေါ်လာတယ်။ စောစောက သူတွေ့ခဲ့တဲ့ သူဌေးမက လတ်လတ်ဆတ်ဆတ် ညှစ်ထားတဲ့ လိမ္မော်ရည်ကို ကြိုက်တတ်ပြီး

တစ်ခါတလေ ဆိုင်လာတတ်တယ် ဆိုတာကို သူ သတိရသွားတယ်။ တရားဝင် မရောင်းချခင်မှာ ဒီအမျိုးသမီးနဲ့သာ ဆက်ဆံရေးကောင်း တည်ဆောက်နိုင်ရင်၊ အိမ်ဝယ်ဖို့ နေရာတစ်နေရာတော့ သူ ကြိုမှာထားလို့ ရနိုင်မှာပဲ။

အစီအစဉ် ရသွားတော့ ထုန်ယောင် တစ်ယောက် စိတ်တွေ တက်ကြွနေတော့တယ်။ မွန်းလွဲပိုင်းမှာ သူက ဆိုင်ခွဲကို သွားပြီး အိမ်ဝယ်မယ့် ကိစ္စကို မိဘတွေနဲ့ တိုင်ပင်လိုက်တယ်။ ထုန်ယောင်ဟွေးနဲ့ ဝမ်ယွန်းတို့က ဒါကို မကန့်ကွက်တဲ့အပြင် ဒီအတွက် သူတို့ရဲ့ စုဆောင်းငွေ အားလုံးကိုတောင် ထုတ်ပေးဖို့ ဆန္ဒရှိနေကြတယ်။

မိဘတွေမှာ ပိုက်ဆံစုထားတာ ရှိသေးတယ်ဆိုတာကို ထုန်ယောင် အံ့ဩသွားတယ်။ ဒါပေမဲ့ သူတို့ ပေးတာကို သူ လက်မခံခဲ့ဘူး။ အခု ဆိုင်ရဲ့

ဝင်ငွေက တည်ငြိမ်နေပြီဖြစ်သလို သူ့မှာလည်း စုဆောင်းငွေ တချို့ ရှိနေတယ်လေ။ အိမ်အတွက် ကနဦး ပေးသွင်းငွေက သူ့အတွက် လောက်င လောက်ပါတယ်။

နောက်ထပ် ဈေးဝယ်စင်တာ တစ်ခုမှာ ဆိုင်ခွဲ အသစ် ဖွင့်ပြီးသွားရင် သူ့ရဲ့ တစ်နှစ် ဝင်ငွေက ယွမ် ခုနစ်သောင်း၊ ရှစ်သောင်းလောက် ရှိလာတော့မှာ။ အဲဒီအခါကျရင် နှစ်နှစ်၊ သုံးနှစ်လောက်အတွင်း ဘဏ်ချေးငွေကို အကြေဆပ်နိုင်ပြီလေ။

အိမ်ဝယ်တယ်ဆိုတာ ကိစ္စကြီးလေ။ ထုန်ယောင်က ဆစ်ချန်နဲ့အတူ ကိုယ်ပိုင်အိမ်လေး တစ်လုံး ရှိချင်နေပေမယ့် သူ တစ်ယောက်တည်း ဆုံးဖြတ်မှာတော့ မဟုတ်ဘူး။ ဆစ်ချန်နဲ့ တိုင်ပင်ဖို့က လိုအပ်ပါတယ်။ သူက ဈေးကနေ ဝက်ရိုး တချို့နဲ့ ကြက်သား တစ်ခြမ်း ဝယ်လာပြီး ညစာ

စားရင်း အိမ်ဝယ်မယ့် ကိစ္စကို ဆွေးနွေးဖို့ ပြင်ဆင်တဲ့ အနေနဲ့ ဟင်းလေးခွက်နဲ့ ဟင်းရည် တစ်ခွက် ချက်ထားလိုက်တယ်။

ဒါပေမဲ့ ဆစ်ချန် မရောက်လာခင်မှာ ဖိတ်ခေါ်မထားတဲ့ ဧည့်သည်တစ်ယောက် ရောက်လာလိမ့်မယ်လို့ သူ မမျှော်လင့်ထားခဲ့ဘူး။

အပိုင်း ( ၃၃၁ ) ပြီးဆုံး

***